

# ကျင့်ကြံခြင်း သရုပ်ဖော်စနစ်

စာစဉ် - ၃၅

Translator - Hla Min Htet

# အခန်း ၃၄၁
# ဖူရှမ်နီသည် သူမ၏ သေမျိုးကင်းလွတ် ကျင့်ကြံခြင်း သရုပ်ဖော်ဘဝကို အဆုံးသတ်လိုက်ခြင်း။ (၃)

*

မသေမျိုးစံအိမ်၏သခင်သည် ခေတ္တရပ်သွားပြီး မေးလိုက်လေသည်။ "အဲဒီ ကျင့်ကြံခြင်း ပညာရပ်ကို အပြည့်အဝ နားလည်သဘောပေါက်ဖို့ အချိန်ဘယ်လောက် လိုမယ်လို့ ထင်လဲ။"

ချင်းကျောက်သည် ခေတ္တမျှ စဉ်းစားလိုက်ပြီး ပြောလိုက်၏။ "နောက်ထပ် နှစ်နှစ်၊ သုံးနှစ်လောက် အချိန်လောက်ပေါ့။ ပထမပိုင်းက အဆင်ပြေသေးပေမဲ့ ဒုတိယပိုင်းကတော့

တော်တော်လေးခက်နေတုန်းပဲ။"

မသေမျိုးစံအိမ်သခင်၏ နှုတ်ခမ်းများသည် ပုံကြီးချဲ့ထားသည့်အလား ကွေးတက်သွားခဲ့ပြီဖြစ်သည်။ သူမက ချန်ချန်ရွှယ်နှင့် ချင်းကျောက်တို့ကို ကြည့်လိုက်သော အကြည့်များသည် ပြိုင်ဘက်ကင်းစွာ ပူပြင်းလာခဲ့လေပြီ။

ရတနာနှစ်ပါးကို မြင်တွေ့လိုက်ရပြီး သူမ၏ရင်ခွင်ထဲတွင် ပွေ့ဖက်ထားချင်နေသည့်အလားပင်။ "အံ့သြစရာပဲ၊ တကယ်ကို အံ့သြစရာကောင်းလိုက်တာ။"

သို့သော် သူမသည် တည်ငြိမ်မှုပျက်ပြားသွားပြီဖြစ်ကြောင်း အလျင်အမြန် သတိပြုမိလိုက်၏။

သူမက အပြုံးကို အနည်းငယ်ထိန်းချုပ်လိုက်သည်။

သူမက ဆက်ပြောလိုက်သည်။ "မင်းတို့ ခဏလောက် နားလို့ရပါတယ်။ မသေမျိုးစံအိမ်ရဲ့

ဆေးဖော်စံအိမ်ဆောင်ကလည်း မင်းတို့အတွက် တံခါးဖွင့်ထားပေးမှာပါ။ အထဲက ဆေးလုံးတွေ အားလုံးကို မင်းတို့ စိတ်ကြိုက် သုံးစွဲနိုင်တယ်။ ဘယ်သူ့ကိုမှ ခွင့်တောင်းနေစရာ မလိုဘူး။ စားချင်တဲ့ ဆေးလုံး ဘယ်ဟာမဆို စားလို့ရတယ်။"

ဤစကားများကို ပြောပြီးနောက် ကလေးတစ်ဦးနှင့်တူသော မသေမျိုးစံအိမ်၏ သခင်သည် ထွက်ခွာသွားခဲ့လေသည်။

ချန်ချန်ရွှယ်နှင့် ချင်းကျောက်တို့သာ ကျန်ရစ်ခဲ့ကြ၏။

ချင်းကျောက်မှာ မည်သည့်အရာကိုမျှ မခံစားရချေ။

ချန်ချန်ရွှယ် မျက်မှောင်ကြုတ်သွားလေသည်။

ချန်ချန်ရွှယ်၏ မျက်နှာအမူအရာ မမှန်သည်ကို သတိပြုမိသွားသဖြင့် ချင်းကျောက်သည် သိချင်စိတ်ဖြင့် မမေးဘဲ မနေနိုင်ခဲ့ပေ။ "နင် ဘာဖြစ်

သွားတာလဲ။"

ချန်ချန်ရွှယ်က ပြန်ဖြေလေသည်။ "စိတ်ထင်နေတာလားတော့ မသိဘူး၊ ဒါပေမဲ့ သူမ ပြုံးလိုက်တဲ့ အချိန်မှာပဲ အရပ်မျက်နှာအသီးသီးကနေ တိုက်ခတ်လာတဲ့ လေပြင်းတစ်ရပ်လို ငါ့ကိုလာတိုက်ခိုက်နေတဲ့ မကောင်းတဲ့ ရည်ရွယ်ချက်တစ်ခုကို ငါ ရှင်းရှင်းလင်းလင်း ခံစားလိုက်ရတယ်။"

"မကောင်းတဲ့ ရည်ရွယ်ချက်ဟုတ်လား။" ချင်းကျောက် မျက်ခုံးပင့်လိုက်၏။ "မသေမျိုး စံအိမ်ရဲ့ သခင်က လူဆိုးလား။ ဒါမှမဟုတ် သူမက တစ်ခုခု ကြံစည်နေတာများလား။"

ချန်ချန်ရွှယ်က ခေါင်းခါလိုက်သည်။ "ငါလည်း သေချာတော့ မသိဘူး။ ခံစားချက်သက်သက်ပါပဲ။"

"စိတ်မပူပါနဲ့။" ချင်းကျောက်သည် သူမ၏ ပခုံး

ကို ပုတ်လိုက်ပြီး ပြုံးလျက် ပြောလိုက်သည်။ "အကယ်၍ သူမက တစ်ခုခုကြံစည်နေ ရင်တောင်မှ ငါတို့ကို ခြိမ်းခြောက်နိုင်မှာ မဟုတ် ပါဘူး။ အဲဒီအစား ငါတို့ကို မသေမျိုးကျင့်ကြံ ခြင်းလောကရဲ့ လျှို့ဝှက်ချက်တွေ ပိုသိလာအောင် လုပ်ပေးနိုင်တာပေါ့။"

ချန်ချန်ရွှယ်က ကူကယ်ရာမဲ့စွာဖြင့် ပြောလိုက် လေသည်။ "နင်က တကယ်ပဲ။ ဘာလို့ အမြဲတမ်း ဒီလောက်တောင် ပေါ့ပေါ့ပါးပါး တွေး နိုင်ရတာလဲ။"

ချင်းကျောက် ရယ်မောလိုက်၏။ "နည်းနည်း လောက် ပေါ့ပေါ့ပါးပါး တွေးနိုင်မှ ပိုပြီး လွတ်လွတ်လပ်လပ် နေနိုင်မှာပေါ့။"

သူမပြောလိုက်သော စကားသည် အလွန် အဓိပ္ပာယ်ရှိလှသည်ဟု သူမ ခံစားလိုက်ရသည်။

သူမသည် ခေါင်းညိတ်ကာ သူမကိုယ်သူမ မ

ချီးကျူးဘဲ မနေနိုင်ခဲ့ချေ။ "ကျင့်ကြံသူတွေက အမြဲတမ်း လွတ်လပ်တဲ့ ဘဝကိုပဲ ရှာဖွေကြတာလေ။ ငါ့လို လူမျိုးတွေကိုမှ ကျင့်ကြံသူတွေလို့ ခေါ်တာ။"

သေချာပေါက် မသေမျိုးကျင့်ကြံခြင်း သရုပ်ဖော်စနစ်ထဲမှာသာ ချင်းကျောက် ဤမျှလောက် စိတ်လှုပ်ရှားနေမည်ဖြစ်သည်။

အကယ်၍ လက်တွေ့ကမ္ဘာမှာသာ ဆိုပါက... ချင်းကျောက်သည် ဤနေရာသို့ပင် လာလိမ့်မည်မဟုတ်ချေ။

ဘာပဲဖြစ်ဖြစ် လက်တွေ့ကမ္ဘာတွင် သူမ သေဆုံးသွားခဲ့သည်ရှိသော်...

နောက်ကြောင်းပြန်လှည့်ရန် လမ်းမရှိတော့ချေ။

"ဒါ့အပြင် ငါတို့က ဒီကို ရောက်နေပြီပဲ။ ထွက်သွားဖို့ နည်းလမ်းရော ရှိသေးလို့လား။" ချင်း

ကျောက်က ဂရုမစိုက်သည့်ဟန်ဖြင့် ပြောလိုက်သည်။ "ဝိညာဉ်ဖွဲ့စည်းခြင်းအဆင့်မှာ ရှိနေတဲ့ မသေမျိုးစံအိမ်သခင်ရဲ့ မျက်စိအောက်ကနေ ထွက်သွားရတာက ငါတို့ကို ချက်ချင်း မသေမျိုးလောကဆီ တက်လှမ်းခိုင်းတာနဲ့ အခက်အခဲချင်း မကွာပါဘူး။"

"ဘာပဲဖြစ်ဖြစ် ကိစ္စမရှိပါဘူးလေ။ ဒီလောက်ပါပဲ။"

ချန်ချန်ရွှယ် ဆွံ့အသွားခဲ့ရသည်။

အချိန်များ ကုန်ဆုံးသွားခဲ့၏။

နောက်ထပ် တစ်နှစ် ကုန်လွန်သွားခဲ့ပြန်သည်။

တစ်နှစ်။

နှစ်နှစ်။

ချန်ချန်ရွှယ်နှင့် ချင်းကျောက်တို့သည် မသေမျိုးစံအိမ်တွင်ရှိနေဆဲဖြစ်ပြီး မသေမျိုးစံအိမ်၏ ဘိုးဘေးဆရာသခင်ထံမှ ကျင့်ကြံခြင်းပညာရပ်များ

ကို နားလည်သဘောပေါက်ရန် ကြိုးစားနေကြဆဲဖြစ်သည်။

ပြီးခဲ့သော နှစ်နှစ်အတွင်း မည်သည့်ကိစ္စကြီးကြီးမားမားမျှ ဖြစ်ပျက်ခဲ့ပုံ မပေါ်ချေ။

ပို၍ တိကျစွာပြောရလျှင် ကြီးမားသော ကိစ္စရပ်များ ဖြစ်ပျက်ခဲ့လျှင်တောင်မှ ၎င်းက မသေမျိုးစံအိမ်ကို ထိခိုက်စေမည် မဟုတ်ပေ။

...

တစ်ချိန်တည်းမှာပင် အပြင်လောက၌။

ချင်းဟယ်ခရိုင်။

ပိုင်ယီသည် သူ၏ရင်တွင်း၌ ညည်းတွားနေဆဲပင်။ သရုပ်ဖော်စနစ်ထဲရှိ ရွှေးချယ်ခံသုံးယောက်၏ ဘဝများသည် ပို၍ပို၍ တည်ငြိမ်လာခဲ့သည်။

သို့သော် ဤအချိန်မှာပင် သရုပ်ဖော်စနစ်ထဲမှ အသိပေးချက်တစ်ခု ထွက်ပေါ်လာရာ သူ့ကို

ကြောင်အမ်းအမ်း ဖြစ်သွားစေခဲ့သည်။

[ဖူရှမ်နီ သေဆုံးသွားပါပြီ]

[အသက်- ၁၈၃ နှစ်၊ ၁၁ လ၊ ဝ၃ ရက်။]

ပိုင်ယီ ခေါင်းရှုပ်သွားခဲ့လေသည်။

***